




# ထိုင်းနိုင်ငံအတွင်းရှိ CLMV ရွှေ့ပြောင်းအလုပ်သမားများ







၂၀၁၈ → ၂၀၂၂

၄.၉ သန်း → ၃ သန်း


**၂,၇၃၈,၁၉၀**

ကျွမ်းကျင်မှုနည်းသော CLMV ရွှေ့ပြောင်းနေထိုင်သူများ (Sep ၂၂)




ရွှေ့ပြောင်းအလုပ်သမားများ

ထိုင်းအလုပ်သမားများ



၄၄% အမျိုးသမီး

၅၆% အမျိုးသား

*နိုင်ငံခြားသားအလုပ်သမားများစီမံခန့်ခွဲရေးရုံး၊ အလုပ်သမားဝန်ကြီးဌာနမှ နိုင်ငံခြားသား အလုပ်သမားများ လစဉ်ဇယား* www.doe.go.th/alien


มิตรไทย www.mitrthai.com

Migrant Working Group

IOM UN MIGRATION

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra
Swiss Agency for Development and Cooperation SDC

PROMISE

# CLM ရွှေ့ပြောင်းအလုပ်သမားများ အတွက် COVID-19နောက်ပိုင်း အလုပ် လုပ်ခွင့် လက်မှတ် (Work Permit) စီမံချက်များ




**၁) MOU အလုပ်သမားများ ၂) ထိုင်းနိုင်ငံအတွင်းရှိ အထူး MOU အုပ်စု** (ကပ်ရောဂါကာလ အတွင်း နိုင်ငံအတွင်း သက်တမ်းတိုးမှု မှတဆင့်) (၂၀၁၉ ဩဂုတ်လ ၂၀ရက်နေ့ ထုတ် အစိုးရအဖွဲ့ ဆုံးဖြတ်ချက်)

**၃) မှတ်ပုံတင်ထားသည့် ရွှေ့ပြောင်း လုပ်သားများ** ကပ်ရောဂါကာလအတွင်းတွင် အလုပ်လုပ်ခွင့် လက်မှတ် ရှိထားသူများ(၂၀၂၂ ဇူလိုင်လ ၅ရက်နေ့ အစိုးရအဖွဲ့ ဆုံးဖြတ်ချက်)၊ **၄) မှီခိုသူများ အပါအဝင် အသစ်မှတ်ပုံတင်ထား သောအုပ်စုများ** (၂၀၂၀ ဒီဇင်ဘာလ ၂၉ ရက်၊ ၂၀၂၁ စက်တင်ဘာလ ၂၈ရက်နှင့် ၂၀၂၂ ဇူလိုင် ၅ရက်နေ့ အစိုးရအဖွဲ့ဆုံးဖြတ်ချက်များ)




**၅) ပင်လယ်ငါးဖမ်းလုပ်သားများ** ငါးလုပ်ငန်း ဦးစီးဌာနမှ စီမံခန့်ခွဲသော ပင်လယ် ငါးလုပ်ငန်း ဆိုင်ရာ တော်ဝင်အမိန့် ပုဒ်မ ၈၃ အရ။

**6) နယ်စပ်ဖြတ်ကျော်လာသော ရာသီအလိုက် အလုပ်သမားများ** (နိုင်ငံကူးလက်မှတ် သို့မဟုတ် သက်သေခံလက်မှတ်အစား အမြဲတမ်း နယ်စပ် ဖြတ်ကျော်ခွင့်လက်မှတ်ကို အသုံးပြုပြီး ၂ နှစ် အစား ရက် ၉၀ အလုပ်လုပ်ခွင့်လက်မှတ် လျှောက်ထားရန် )




***သင်သိပါသလား?-*** *MOU ရွှေ့ပြောင်းအလုပ်သမားများ စုဆောင်းခ ကောက်ယူခြင်းကို ထိုင်းနိုင်ငံ၌တားမြစ်ထားသည်။*


www.mitrthai.com

Migrant Working Group

# ရွှေ့ပြောင်းအလုပ်သမားများ၏ မိသားစုဝင်များနှင့် မှီခိုသူများ



**1) ထိုင်းနိုင်ငံတွင် MOU ရွှေ့ပြောင်း လုပ်သားများကို** သူတို့၏ မိသားစုဝင်များအား ခေါ်ဆိုရန် နှင့် အတူတကွ နေထိုင်ရန် လတ်တလော တွင် ခွင့်မပြု ထားပါ



**2) ထိုင်းနိုင်ငံ၌တရားဝင်ဖြစ်ရေး လုပ်ငန်းစဉ် လုပ်ဆောင်လျှက်ရှိသည့် ရွှေ့ပြောင်း လုပ်သားများသည်** အသက် ၁၈နှစ်ပြည့်ပြီးပါက သီးခြား အခြေအနေပေါ်မူတည်၍ အလုပ်လုပ်ခွင့် ပါမစ် (work permit )ရရှိရန် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်အကိုင် ဦးစီးဌာနတွင် စာရင်းပေး သွင်းရလိမ့်မည်။



**3) နိုင်ငံသားဖြစ်မှုကို ခွဲခြားထားခြင်း မရှိပဲ ထိုင်းနိုင်ငံရှိကလေးတိုင်းသည်** အခြေခံပညာ ၁၂နှစ်ကို အခမဲ့သင်ယူခွင့်ရှိသည်။


มิตรไทย www.mitrthai.com Migrant Working Group IOM UN MIGRATION
Schweizerische Eidgenossenschaft Confédération suisse Confederazione Svizzera Confederaziun svizra
Swiss Agency for Development and Cooperation SDC
PROMISE




# အစိုးရအဖွဲ့ ဆုံးဖြတ်ချက် ၂၀၂၂ ဇူလိုင် ၅ ရက်




၁) ၂၀၂၂ခုနှစ် ဩဂုတ်လ ၁ ရက်နေ့ ထက်နောက် မကျဘဲ ဗီဇာ တံုးထု ထားသော လက်ရှိမှတ်ပုံတင်ထားသည့် ရွှေ့ပြောင်း အလုပ်သမားများသည် ၂၀၂၅ခုနှစ် ဖေဖော်ဝါရီလ ၁၃ရက်နေ့ အထိ နောက်ထပ် ၂ နှစ်အတွက် ထိုင်းနိုင်ငံအတွင်း နေထိုင်ပြီး အလုပ် လုပ်ပိုင်ခွင့်ရှိသည်..




၂) ၂၀၂၂ခုနှစ် ဩဂုတ်လ မတိုင်ခင် ဗီဇာ တံုးထု ထားမှု မရှိသော သူများသည် ၂၀၂၃ခုနှစ် ဖေဖော်ဝါရီလ ၁၃ရက်နေ့ တွင် ထိုအဆင့်ကို အပြီးသတ်ပြီး၂၀၂၄ခုနှစ် ဖေဖော်ဝါရီလ ၁၃ရက်နေ့အထိအလုပ် လုပ်ခွင့်လက်မှတ် နှင့် ၁နှစ် ဗီဇာ ရရှိမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၃အထိ နောက်ထပ် တစ်နှစ်သက်တမ်း ထပ်တိုးနိုင်သည်။

၃) (၂၀၂၂ခုနှစ် ဩဂုတ်လ ၁-၁၅) အသစ် မှတ်ပုံတင်ထားသည့်ရွှေ့ပြောင်းနေထိုင်သူများသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၃ရက်နေ့အထိ ထိုင်းနိုင်ငံအတွင်း နေထိုင်ပြီး အလုပ်လုပ်နိုင်မည်ဖြစ်ပြီး တစ်နှစ်လျှင် ၂ကြိမ် သူတို့၏ အလုပ် လုပ်ခွင့်များကို သက်တမ်းတိုးနိုင်သည်။

*ပန်းရောက်ကတ်ကို ခရိုင်ရုံးမှ ၂၀၂၅ခုနှစ် ဖေဖော်ဝါရီ လ ၁၃ရက်နေ့တွင် ထုတ်ယူရမည်။*

*မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် သက်သေခံလက်မှတ်ထုတ်ပေးရေး စင်တာများကို ချွန်ဘူရီ၊ စမုပကာန်၊ စမုစခွန် နှင့် ရနောင်းတို့တွင် ဖွင့်လှစ်ထားသည်။*




# ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ရန်အတွက် နိုင်ငံခြားသား အလုပ်သမားများ၏ စာရွက်စာတမ်းများ




သက်သေခံလက်မှတ် Certificate of Identity (CI)

နိုင်ငံကူးလက်မှတ် (PP)

အမြဲတမ်း နယ်စပ်ဖြတ်ကျော်ခွင့်

ဗီဇာ Visa

အလုပ်လုပ်ခွင့်လက်မှတ်/ပန်းရောင်ကတ်
**Work permit/Pink Card**

มิตรไทย www.mitrthai.com Migrant Working Group IOM UN MIGRATION
Schweizerische Eidgenossenschaft Confédération suisse Confederazione Svizzera Confederaziun svizra
Swiss Agency for Development and Cooperation SDC
PROMISE




# အလုပ်လုပ်ခွင့်လက်မှတ် ဆိုင်ရာအကြံပြုချက်များ




**ရွှေ့ပြောင်းအလုပ်သမားများသည် သူတို့၏အလုပ် လုပ်ခွင့်လက်မှတ်ကို အဆင်ပြေသည့်နေရာတွင် သိမ်းထားသင့်သည်။**

သူတို့၏အလုပ်ချိန်အတွင်း တာဝန်ရှိအရာရှိများမှ တောင်းဆိုပါက ပြရန်။ ရွှေ့ပြောင်းအလုပ်သမားများသည် သူတို့နှင့်အတူ စာရွက်စာတမ်းများ သယ်ဆောင်သွားရန် မလိုအပ်ပါ။ **အလုပ်လုပ်ခွင့်လက်မှတ်ကို တာဝန်ရှိ အရာရှိထံ အချိန်မီ ပြရန် ပျက်ကွက်ခဲ့လျှင် ရွှေ့ပြောင်း အလုပ်သမားများ သည် ဘတ် ၅၀၀၀ ထက်မပိုသော ဒဏ်ကြေးပေးဆောင်ရမည်။**




**ရွှေ့ပြောင်းအလုပ်သမားများသည်၎င်းတို့၏ သက်တမ်းမကုန်ဆုံးမီ အလုပ်လုပ်ခွင့်လက်မှတ်အသစ်အတွက် လျှောက်ထားရမည်။**

ရွှေ့ပြောင်းအလုပ်သမားများသည် **သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ အတွင်း** အလုပ်လုပ်ခွင့်လက်မှတ်အသစ်အတွက် လျှောက်ထား နိုင်သည်။



**အလုပ်ရှင်များ သို့မဟုတ် အခြားသူတစ်ဦးဦးမှ ရွှေ့ပြောင်း အလုပ်သမားများ၏ သက်သေခံ စာရွက်များနှင့် အလုပ် လုပ်ခွင့်လက်မှတ်အား သိမ်းယူထားခြင်းကို တားမြစ် ထားသည်။**

ရွှေ့ပြောင်းအလုပ်သမားများ၏ သက်သေခံစာရွက်စာတမ်းများ အပ်နှံမှုမှာ သဘောဆန္ဒအရသာဖြစ်ရမည်။ ရွှေ့ပြောင်း အလုပ်သမားများမှာ စာရွက်စာတမ်းများကို အသုံးပြုရန် လိုအပ်ချိန် သို့မဟုတ် တောင်းဆိုချိန်တွင် အလုပ်ရှင်များသည် စာရွက်စာတမ်းများကို သူတို့ထံအမြန်ပြန်ပေးရမည်။ **သို့မဟုတ်လျှင် အလုပ်ရှင်တို့အား ထောင်ဒဏ် ၆ လ သို့မဟုတ် ဒဏ်ငွေ ဘတ် ၁၀,၀၀၀-၁၀၀,၀၀၀ အတွင်း သို့မဟုတ် နှစ်မျိုးစလုံး ချမှတ်နိုင်သည်။**

www.mitrthai.com
Migrant Working Group




# MOU ရွှေ့ပြောင်း အလုပ်သမားများ လုပ်ကိုင်နိုင်သော အလုပ်အမျိုးအစားများ

## ရွှေ့ပြောင်းအလုပ်သမားများသည် ကာယအလုပ်နှင့် ဈေးရောင်းသူများအဖြစ် လုပ်ကိုင်နိုင်သည်။

MOU အလုပ်သမားများအား အလုပ်ရှင်မှ တိုက်ရိုက် အလုပ်ခန့်ထားရမည်ဖြစ်ပြီး ကိုယ်ပိုင်အလုပ် သို့မဟုတ် အလွတ်တန်းအလုပ်ကဲ့သို့ လုပ်ကိုင်ခွင့်မရှိပါ။





## ယခုအခါတွင် ထိုင်းနိုင်ငံရှိအလုပ်ရှင်များသည် MOU မှတဆင့် ရွှေ့ပြောင်း လုပ်သားများကို ဈေးရောင်းသူများအဖြစ် ငှားရမ်းနိုင်သည်။

ဈေးရောင်းသူ ရွှေ့ပြောင်းအလုပ်သမားများကို ငှားရမ်းရန် ခွဲတမ်းများမှာ ကုမ္ပဏီ၏ လုပ်သားအင်အား ပမာဏနှင့် အခွန်ပေးဆောင်မှုအပေါ်မူတည်သည်။

มิตรไทย www.mitrthai.com Migrant Working Group IOM UN MIGRATION Schweizerische Eidgenossenschaft Confédération suisse Confederazione Svizzera Confederaziun svizra Swiss Agency for Development and Cooperation SDC PROMISE



# MOU မှတဆင့် ဈေးရောင်းသူ အဖြစ် CLMV ရွှေ့ပြောင်း အလုပ်သမားများကို ငှားရမ်းခြင်း

## အလုပ်ရှင်အတွက် လိုအပ်ချက်များ




အလုပ်ရှင်သည် MOU မှတဆင့် သူတို့၏ ရွှေ့ပြောင်းအလုပ်သမားများ ကို ငှားရမ်းရမည်။




ရွှေ့ပြောင်း ဈေးရောင်းသူများသည် ထိုင်းဘာသာဖြင့် ပြောဆို ဆက်ဆံနိုင် ရမည်။



အလုပ်ရှင်တွင် ကူးသန်းရောင်းဝယ်မှု စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် တရားဝင် ခွင့်ပြုချက်ရှိရမည်။



အလုပ်သမားများ၏ခွင့်ပြုလက်မှတ် များ တွင် ဈေးရောင်းချသူအဖြစ် အလုပ် အကိုင်ကို ဖော်ပြထားရမည်။


มิตรไทย
www.mitrthai.com
Migrant Working Group
IOM UN MIGRATION
Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra
Swiss Agency for Development and Cooperation SDC
PROMISE

# ကာယအလုပ်အပြင် ရွှေ့ပြောင်းအလုပ်သမား များ လုပ်ကိုင်နိုင်သည့် အလုပ်အမျိုးအစားများ






ရွှေ့ပြောင်းအလုပ်သမားများသည် ဆောက်လုပ်ရေးလုပ်သား၊ ဈေးရောင်း သူနှင့် အောက်ဖော်ပြပါ စက်မှုလုပ်ငန်း များတွင် လုပ်ကိုင်နိုင်ကြသည်။



စိုက်ပျိုးရေး / မွေးမြူရေး / ငါးဖမ်း / သစ်တော




ဖိနပ်ချုပ်လုပ်ငန်း



ဦးထုပ်လုပ်ငန်း



အဝတ်ချုပ်လုပ်ငန်း




အိုးလုပ်ငန်း



ဓားလုပ်ငန်း



အိပ်ယာ & စောင်လုပ်ငန်း



ပန်းရံ / လက်သမား / ဆောက်လုပ်ရေး



အဆိုပါအလုပ်များ လုပ်ကိုင်ရန်အတွက် ရွှေ့ပြောင်း အလုပ်သမားများသည် ပထမဦးဆုံး ကာယ လုပ်သား မှ ၎င်းတို့၏ အလုပ် လုပ်ခွင့် လက်မှတ်ကို ပြောင်းထား ရမည်။

มิตรไทย
www.mitrthai.com
Migrant Working Group
IOM UN MIGRATION
Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra
Swiss Agency for Development and Cooperation SDC
PROMISE

# CLMV ရွှေ့ပြောင်းအလုပ်သမား စုဆောင်းမှု အတွက် စုဆောင်းကြေးနှင့် ကုန်ကျစရိတ်များ




အလုပ်သမားသစ် စုဆောင်းရေး အေဂျင်စီများသည် ထိုင်းနိုင်ငံတွင် MOU အောက်ရှိ ရွှေ့ပြောင်းအလုပ်သမားများထံမှ စုဆောင်းခကောက်ခံခြင်း မပြုလုပ်ရ။

ထိုင်းဥပဒေများအရ အလုပ်ရှင်သည် အလုပ်သမား၏ မူရင်းနိုင်ငံ၌သုံးသော ကုန်ကျစရိတ်များ နှင့် နိုင်ငံကူးလက်မှတ်ကြေး၊ အလုပ် လုပ်ခွင့်လက်မှတ်၊ ကျန်းမာရေးစစ်ဆေးခ အပါအဝင် အလုပ်သမားအတွက် ကြိုတင်ပေးဆောင်ထားသည့် အလုပ်ရှင် ၏ ကုန်ကျစရိတ်များအတွက် အလုပ်သမား၏ သဘောတူညီမှုဖြင့် အလုပ်သမား၏ လစဉ်လစာမှ ၁၀ % ကို အလုပ်ရှင်မှ နှုတ်ယူ နိုင်သည်။

## ထိုင်းနိုင်ငံတွင် CLMV ရွှေ့ပြောင်းအလုပ်သမားများအတွက် အထွေထွေကုန်ကျစရိတ်




နိုင်ငံကူးလက်မှတ် အခကြေး(နိုင်ငံတစ်ခုစီ၏ ကြေငြာချက်များအရ)

အလုပ်လုပ်ခွင့်လက်မှတ်ကြေး = ၂ နှစ်အတွက် ဘတ်၁၉၀၀
ပန်းရောက်ကတ်ကြေး = ဘတ် ၆၀

ဗီဇာကြေး= တနှစ် ဘတ်၁၉၀၀ (သက်တမ်းမကုန်ဆုံးမီ ရက် ၃၀ ကြိုတင်၍ သက်တမ်းတိုးရန် လျှောက်နိုင်သည်)



ကျန်းမာရေး စစ်ဆေးခ= ဘတ် ၅၀၀
ကျန်းမာရေး အာမခံကြေး= ၂နှစ်စာအတွက် ဘတ်၃၂၀၀ သို့မဟုတ် အလုပ်သမားများ၏ လစဉ် လစာ၏ ၅% နှင့်ညီမျှသော လူမှုဖူလုံရေး ရန်ပုံငွေသို့ ထည့်ဝင်မှု။

# ရွှေ့ပြောင်းအလုပ်သမားများအတွက် အလုပ်ပြောင်းခြင်း

ตท.๑๑
WP.11







## ရွှေ့ပြောင်းအလုပ်သမားများသည် ရက်ပေါင်း ၃၀ အတွင်း အလုပ်ရှင် အသစ်ရှာရမည်။

အလုပ်ရှင်အသစ်သည် အလုပ်သမားများ၏ အလုပ်ခန့် ထားမှု အကြောင်းကြား ပြီး အာမခံငွေ ပေးသွင်းရမည်။ ရွှေ့ပြောင်း အလုပ်သမားများသည် သူတို့၏ အလုပ်သစ် ကို စတင်ပြီးနောက် ၁၅ရက် အတွင်း သူတို့၏ အလုပ် အသစ်ကို အကြောင်းကြားရမည်။



ကပ်ရောဂါကာလအတွင်း လက်ရှိမှတ်ပုံတင် ထားသည့် ရွှေ့ပြောင်းအလုပ်သမားများကို ၂၀၂၃ခုနှစ် ဖေဖော်ဝါရီ လ ၁၃ ရက်နေ့ အထိ ရက်ပေါင်း ၆၀ အတွင်း အလုပ်ရှင် ပြောင်းလဲခွင့် ပြုထားသည်။

## ရွှေ့ပြောင်းအလုပ်သမားများသည် အောက်ပါ အခြေအနေ ၆မျိုး တွင် အလုပ်ရှင်ပြောင်းလဲနိုင်သည်-

၁။ သူတို့၏အလုပ်ရှင်သည် သူတို့အားအလုပ်မှထုတ်ပယ်ခြင်း သို့မဟုတ် သေဆုံးသွားခြင်း။
၂။ သူတို့၏အလုပ်ရှင်သည် လုပ်ငန်းစာရင်းကြေငြာလိုက်ခြင်း။
၃။ သူတို့၏အလုပ်ရှင်မှ သူတို့အား မတရားဖိနှိပ်ခြင်း သို့မဟုတ် ကိုယ်ထိလက်ရောက် နာကျင်စေခြင်း။
၄။ သူတို့၏အလုပ်ရှင်သည် အလုပ်စာချုပ် သို့မဟုတ် အလုပ်သမားကာကွယ်ရေး ဥပဒေများကို လိုက်နာရန် ပျက်ကွက်ခြင်း။
၅။ သူတို့သည် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာကို အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင် သို့မဟုတ် အခြေအနေများအောက်တွင် အလုပ် လုပ်နေရခြင်း။
၆။ သူတို့၏အလုပ်ရှင်အသစ်သည် ယခင်အလုပ်ရှင်အား လျော်ကြေးပေးရန် သဘောတူညီခြင်း။

มิตรไทย www.mitrthai.com Migrant Working Group IOM UN MIGRATION Swiss Agency for Development and Cooperation SDC PROMISE

# လူဝင်မှုကြီးကြပ်ရေးစည်းမျဉ်းများ- CLMV မှ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် ထိုင်းနိုင်ငံတွင် နေထိုင်ခြင်း




## ရွှေ့ပြောင်းအလုပ်သမားများသည်လူဝင်မှုကြီးကြပ်ရေးရုံး ၌ ရက် ၉၀ အကြောင်းကြားခြင်း ပြုလုပ်ရမည်။

(လူကိုယ်တိုင် အသိပေးမှု၊ အသိပေးမှုပြုလုပ်ရန် အခြားသူတစ်ဦးအား လုပ်ပိုင်ခွင့် ပေးခြင်း၊ သို့မဟုတ် မေးလ်ဖြင့်အသိပေးခြင်း)။
ရက် ၉၀ ကျော်နေထိုင်ခြင်းအတွက် အသိပေးခြင်းကို သတ်မှတ်ရက်ချိန်း **မတိုင်မီ ၁၅ရက် အတွင်း သို့မဟုတ်** **ကျော်လွန်**ပြီးနောက် **၇ ရက် အတွင်း** ပြုလုပ်ရမည်။
**အကယ်၍ ရွှေ့ပြောင်းလုပ်သားသည် သတ်မှတ်ရက်လွန်ပြီးနောက် အကြောင်းကြားခဲ့လျှင်** သူတို့သည် လူကိုယ်တိုင်ပြုလုပ်ရမည်ဖြစ်ပြီး ဒဏ်ကြေး ၂၀၀၀ ပေးရမည်။
**အကယ်၍ ရွှေ့ပြောင်းလုပ်သားသည်ဖမ်းဆီးခံခဲ့ရလျှင်** ၎င်းတို့သည်ဒဏ်ကြေး ၅၀၀၀ ပေးရမည်။




## ရွှေ့ပြောင်းလုပ်သားများသည် အခြားခရိုင်သို့ခရီးထွက်ပြီး ၂၄နာရီကျော်နေထိုင်လျှင်

သူတို့ ထိုနေရာသို့ ရောက်ရှိပြီးနောက် **၄၈နာရီအတွင်း** နယ်မြေရဲစခန်းသို့ အကြောင်းကြားရမည်။




## ၂ နှစ် ဗီဇာ သက်တမ်းတိုးခြင်း

**ဗီဇာသက်တမ်းတိုးခမှာ တစ်နှစ်အတွက် ဘတ် ၁၉၀၀ ဖြစ်သည်။**
နိုင်ငံအတွင်းသက်တမ်းတိုးခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်သော ရွှေ့ပြောင်း လုပ်သားများသည် သူတို့၏ ဗီဇာ ကို တစ်နှစ်လျှင် တစ်ကြိမ် သက်တမ်းတိုးရမည်ဖြစ်သည်။
**သူတို့သည် ခွင့်ပြုကာလကို ကျော်လွန်နေထိုင်ခဲ့လျှင်** တစ်ရက် ဘတ် ၅၀၀ သို့သော် စုစုပေါင်း ဘတ် ၂၀၀၀၀ ထက်မပိုသော ဒဏ်ကြေး ပေးဆောင်ရမည်။

www.mitrthai.com

Migrant Working Group

# မမေ့ရ

# အိမ်ပိုင်ရှင်များသည် ပုံစံ TM.30 (Section 38) တင်သွင်းရမည်




နိုင်ငံခြားသားများ အတွက်
**နေထိုင်ရာ (အိမ် သို့မဟုတ် ဟိုတယ်) စီစဥ်ပေး သော ပိုင်ရှင်များ၏ တာဝန်မှာ** ထိုနေရာ၌
နိုင်ငံခြားသားစတင်နေထိုင်ပြီး **၂၄နာရီအတွင်း**
လူဝင်မှုကြီးကြပ်ရေးရုံးရှိ အရာရှိတစ်ဦးထံ TM30 ပုံစံဖြင့်
နိုင်ငံခြားသားများနေထိုင်မှုကို
အကြောင်းကြားရန်ဖြစ်သည်။ ထိုခရိုင်တွင်
လူဝင်မှုကြီးကြပ်ရေးရုံး မရှိခဲ့လျှင် နယ်မြေရဲစခန်းသို့
အကြောင်းကြားရမည်။




စောင့်ကြည့်ခြင်း-



**နိုင်ငံခြားသားများသည် သူတို့၏ အလုပ်ရှင်နှင့် အတူ မနေထိုင်သည့်ဖြစ်ရပ်တွင်** အကြောင်းကြားပြုလုပ်ရန်မှာ နိုင်ငံခြားသားများ အတွက် နေထိုင်ရာစီစဥ်ပေးသည့် **အိမ်ရှင်၏ တာဝန်ဖြစ်သည်။** အလုပ်ရှင်များသည် သူတို့၏ ရွှေ့ပြောင်း အလုပ်သမားများအတွက် နေထိုင်မှု စီစဥ်ပေးသည့်ဖြစ်ရပ်တွင် သူတို့သည် အကြောင်းကြားခြင်းအတွက် နေထိုင်ရေး သဘောတူညီချက် အထောက်အထားကို အသုံးပြုနိုင်သည်။



**အိမ်ရှင် (သို့မဟုတ် အိမ်ရှင်ကဲ့သို့သော အလုပ်ရှင်) သည် အကြောင်းကြားရန်ပျက်ကွက်ခဲ့လျှင်**

သူတို့သည် ဘတ် ၂၀၀၀ထက် မပိုသော ဒဏ်ငွေ ပေးဆောင် ရမည်။ **ဟိုတယ်မန်နေဂျာကိစ္စရပ်အတွက်မှလွဲပြီး ဒဏ်ငွေ ၂၀၀၀ မှ ၁၀၀၀၀အကြား ပေးဆောင်ရမည်။**

มิตรไทย www.mitrthai.com Migrant Working Group IOM UN MIGRATION Schweizerische Eidgenossenschaft Confédération suisse Confederazione Svizzera Confederaziun svizra Swiss Agency for Development and Cooperation SDC PROMISE



# ကျန်းမာရေး ဝန်ဆောင်မှုများ ရရှိနိုင်မှု

ထိုင်းနိုင်ငံသည် အလုပ်အကိုင် အခွင့်အလမ်းနှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းများ ပြည့်နှက်နေသောကြောင့် အိမ်နီးချင်း နိုင်ငံများမှ ရွှေ့ပြောင်း အလုပ်သမားများအတွက် ရေပန်းစားသော နေရာတစ်ခု ဖြစ်သည်။ ၎င်းသည် ဝင်ငွေရှာရန်နှင့် ၎င်းတို့၏ဘဝအရည်အသွေးကို မြှင့်တင်ရန် အခွင့်အလမ်းကိုလည်း ပေးဆောင်နိုင်သည်။ သို့သော် တစ်ခါတစ်ရံမှာ လူအများသည် မမျှော်လင့်ဘဲ နေမ ကောင်းဖြစ် တတ်ပြီး သင့်လုပ်အားခနဲ့ သင့်အလုပ်ကိုပါ အန္တရာယ်ဖြစ်စေနိုင်ပါသည်။ ဒါကြောင့် ထိုင်းနိုင်ငံတွင် ကျန်းမာရေးဝန်ဆောင်မှုတွေကို သင် ဘယ်လိုရရှိနိုင်မလဲ။



## လူမှုဖူလုံရေး ရန်ပုံငွေ



## အလုပ်သမားများ၏လျော်ကြေးရန်ပုံငွေ




## ရွှေ့ပြောင်းနေထိုင်သူကျန်းမာရေးအာမခံ


มิตรไทย www.mitrthai.com
Migrant Working Group
IOM UN MIGRATION
Schweizerische Eidgenossenschaft Confédération suisse Confederazione Svizzera Confederaziun svizra
Swiss Agency for Development and Cooperation SDC
PROMISE



# လူမှုဖူလုံရေး အကျိုးခံစားခွင့် အဓိက ၇ ခု

အကျိုးခံစားခွင့် အမျိုးအစား တစ်ခုစီ အတွက် သတ်မှတ်ချက်သည် လူမှုဖူလုံရေးရန်ပုံငွေ(SSF) ထည့်ဝင်ခဲ့သည့်အချိန်ကာလ အပေါ်တွင် မူတည်သည်။



**ဖျားနာ**

သတ်မှတ်ချက်- ဖျားနာခြင်း မဖြစ်ခင် ၁၅လ အတွင်း SSF သို့ အနည်းဆုံး ၃လ ထည့်ဝင်ကြေး ပေးသွင်းထားရမည်၊

**မသန်စွမ်း/နာမကျန်းမှု**

သတ်မှတ်ချက် - မသန်စွမ်းမှုမဖြစ်ခင် ၁၅လ အတွင်း SSF သို့ အနည်းဆုံး ၃လ ထည့်ဝင်ကြေး ပေးသွင်းထားရမည်၊

**မီးဖွားမှု**

သတ်မှတ်ချက် - ကလေးမမွေးခင် ၁၅လ အတွင်း SSF သို့ အနည်းဆုံး ၅လ ထည့်ဝင်ကြေး ပေးသွင်းထားရမည်၊

**ကလေးထောက်ပံ့ရေးစရိတ်**

သတ်မှတ်ချက် - ၃၆လအတွင်း SSF သို့ အနည်းဆုံး ၁၂ လ ထည့်ဝင်ကြေး ပေးသွင်းထားရမည်၊

**သက်ကြီးပင်စင်**

စာရင်းသွင်းထားသူထံမှ ထည့်ဝင်ကြေး ပေးသည့်ကာလအပေါ်မူတည်မည်၊

**သေဆုံး**

သတ်မှတ်ချက်- မသေဆုံးမီ ၆လအတွင်း SSF သို့ အနည်းဆုံး ၁လ ထည့်ဝင်ကြေး ပေးသွင်းထားပြီး သေဆုံးခြင်းအကြောင်းမှာ အလုပ်မှ မဟုတ်ရ၊

**အလုပ်လက်မဲ့**

သတ်မှတ်ချက်- အလုပ်လက်မဲ့မဖြစ်မီ ၁၅လအတွင်း SSF သို့ အနည်းဆုံး ၆လ ထည့်ဝင်ကြေး ပေးသွင်းထားရမည်၊



# လူမှုဖူလုံရေး ရန်ပုံငွေ

ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်းအလုပ်သမားများအတွက် ထိုင်းအလုပ်သမားများကဲ့သို့ တူညီသော အကျိုးခံစားခွင့်များနှင့် အကာအကွယ်များကို ပေးထားသည့် လူမှုဖူလုံရေးအစီအစဉ်ရှိပါသည်။ သို့သော် ထိုအကျိုးခံစားခွင့်များနှင့် ကာကွယ်မှုများကို ကျွန်ုပ်တို့ မည်သို့ရယူနိုင်သလဲ။




လူမှုဖူလုံရေးရန်ပုံငွေတွင် စာရင်းသွင်းရန် သင့် အလုပ် လုပ်ခွင့် လက်မှတ် နှင့် သက်သေခံ စာရွက်စာတမ်းများကို တင်ပြပါ။



သင့်အလုပ်ရှင်သည် သင့် အလုပ် လုပ်ခွင့်လက်မှတ်တွင် ဖော် ပြထားသည့် အလုပ်ပထမဆုံးနေ့ ပြီးနောက် ရက်ပေါင်း ၃၀ အတွင်း လူမှုဖူလုံရေးဥပဒေနှင့်အညီ သင့်အား လူမှုဖူလုံရေး အတွက် မှတ်ပုံတင်ရန် လိုအပ်ပါသည်။



သင် စာရင်းသွင်းပြီးသည်နှင့် သင်သည် လူမှုဖူလုံရေးရန်ပုံငွေသို့ တစ်လလျှင် အများဆုံး ဘတ်၇၅၀ အထိရှိသော သင့် လစာ၏ ၅% ကို ထည့်သွင်းရမည်။ သင့် အလုပ်ရှင်မှလဲ ၅% ထည့်သွင်း ရမည် ဖြစ်ပြီး အစိုးရမှ ၂.၇၅% ထည့်သွင်းမည်ဖြစ်သည်။

သင့်အလုပ်ရှင်သည် နောက်လ၏ ၁၅ ရက်နေ့ မတိုင်မီ ၎င်းတို့၏ ထည့်ဝင်ကြေးများကို လူမှုဖူလုံရေးရန်ပုံငွေသို့ ပေးဆောင်ရမည်။




သင်သည် သင်၏ လူမှုဖူလုံရေးကတ်ပြားအရ သတ်မှတ်ထားသော ဆေးရုံ၌ အခမဲ့ ဆေးကုသမှုကို ရယူနိုင်ပါသည်။ အရေးပေါ် အခြေအနေ သို့မဟုတ် မတော်တဆမှုများအတွက် အနီးဆုံး အစိုးရဆေးရုံကြီးသို့ သင် သွားနိုင်သည်။ သို့သော် အကယ်၍ သင်သည် ပုဂ္ဂလိကပိုင်ဆေးရုံတခုသို့ သွားရောက်ခဲ့ရလျှင် သင်မှ ကြိုတင် ငွေပေးချေမှု ပြုလုပ်ရန် လိုအပ်လိမ့်သည်။



# အလုပ်သမားများ၏လျော်ကြေး ရန်ပုံငွေ



စိုက်ပျိုးရေး၊ ငါးဖမ်း လုပ်ငန်း၊ သစ်တောနှင့် မွေးမြူရေး လုပ်ငန်းခွင်မှ ရွှေ့ပြောင်းအလုပ်သမား များသည် ဖျားနာခြင်း၊ အလုပ်မှ ထိခိုက်မှု၊ အလုပ်ကြောင့် ကိုယ်အင်္ဂါ ဆုံးရှုံးခြင်း၊ လူပျောက်ဆုံးခြင်း သို့မဟုတ် သေဆုံးခြင်း တို့တွင် လူမှုဖူလုံရေး ရန်ပုံငွေအစား အလုပ်သမားလျော်ကြေး ရန်ပုံငွေမှလည်း အကျိုး ခံစားခွင့်ရရှိနိုင်သည်။




ထိုရန်ပုံငွေအတွက် သင့်အလုပ်ရှင်သည် အလုပ်၏ အန္တရာယ်ရှိမှုနှင့် အမျိုးအစားအပေါ် မူတည်၍ လစာ ၏ ၀.၂-၁% နှုန်း ဖြင့် အလုပ်သမားများ၏ လျော်ကြေး ရန်ပုံငွေသို့ ထည့်ဝင်ကြေးများ ပေးဆောင်ရန် လိုအပ် ပါသည်။



လူမှုဖူလုံရေးရန်ပုံငွေသို့ သင့် ထည့်သွင်းကြေးနှင့် မတူညီပဲ သင့်အလုပ်ရှင်သည် အလုပ်သမားများ၏ လျော်ကြေးရန်ပုံငွေ ကုန်ကျစရိတ်များကို ကာမိစေ ရန် သင့်ထံမှ ကောက်ခံခြင်း သို့မဟုတ် သင့် လုပ်ခမှ နှုတ်ယူခြင်း မပြုလုပ်နိုင်ပါ။

มิตรไทย
www.mitrthai.com
Migrant Working Group
IOM UN MIGRATION
Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra
Swiss Agency for Development and Cooperation SDC
PROMISE
POVERTY REDUCTION THROUGH SAFE MIGRATION, SKILLS DEVELOPMENT AND ENHANCED JOB PLACEMENT



# ရွှေ့ပြောင်းနေထိုင်သူ ကျန်းမာရေးအာမခံ



အိမ်အကူအလုပ်နှင့် ရာသီအလိုက် စိုက်ပျိုးရေး၊ သစ်တော နှင့် မွေးမြူရေးလုပ်ငန်းအပါအဝင် အချို့သော အလုပ်အကိုင်ကဏ္ဍများရှိ အလုပ်သမားများမှာ လူမှုဖူလုံရေးရန်ပုံငွေတွင် အကျုံးမဝင်ပါ။ ထိုအလုပ်သမားများသည် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲသည့် ရွှေ့ပြောင်းနေထိုင်သူ ကျန်းမာရေးအာမခံအစီအစဉ်တွင် စာရင်းပေးသွင်းနိုင်ပါသည်။




စာရင်းပေးသွင်းရန် သင့်တွင် သင်၏ **အထောက်အထား စာရွက်စာတမ်း (ဥပမာ- နိုင်ငံကူးလက်မှတ်၊ ပန်းရောင် ကတ်) နှင့် အလုပ် လုပ်ခွင့်လက်မှတ်**တို့ကို ကျန်းမာရေး စစ်ဆေးချက်ရယူရန် နှင့် သင့်ကျန်းမာရေး အာမခံဝယ်ယူရန်  သင် နေထိုင်ရာဧရိယာရှိ စာရင်းတွင်ပါဝင်သည့် အစိုးရ ဆေးရုံများဆီသို့ ယူဆောင်လာရန် လိုအပ်သည်။


သင်သည် ပထမဆုံးအကြိမ် စာရင်းသွင်းခဲ့လျှင်  ပထမဆုံး အာမခံငွေပေးချေပြီးနောက် ၁၅ ရက်တွင် သင်၏ အာမခံ အသက်ဝင်မှု စတင်မည်ဖြစ်သည်။ သို့သော် သင်၏ ရှိပြီးသား အာမခံကို သက်တမ်းတိုးလျှင် အသက်ဝင်မှုမှာ ချက်ချင်း စတင်မည်ဖြစ်သည်။



သင့်တွင် ကျန်းမာရေးဝန်ဆောင်မှုများ သို့မဟုတ် ကုသမှုနှင့်ပတ်သတ်ပြီး မေးခွန်းများရှိပါက ဆရာဝန် သို့မဟုတ် ဆေးရုံဝန်ထမ်းများကိုသို့ ကျွမ်းကျင်သူများကို မေးမြန်းရန် တုံ့ဆိုင်းမနေပါနှင့်။ သင်၏ ကြိုတင်ခွင့်ပြုချက် မရှိဘဲ စမ်းသပ်မှုရလဒ်ကို အခြားလူများသို့ မျှဝေခွင့်မရှိပါ။



# ငါးဖမ်းလုပ်ငန်းရှိ အလုပ်သမား ကာကွယ်ရေး







အကယ်၍ သင်သည် ငါးဖမ်းလုပ်ငန်းတွင် လုပ်ကိုင် လျှင် ငါးဖမ်းလုပ်ငန်းရှိ အလုပ်သမား အကာအကွယ် ပေးရေး အက်ဥပဒေ B.E.2562 (2019) ဖြင့်လည်း အကာအကွယ် ပေးထားသည်။ ၎င်းတွင် အလုပ်ရှင် သို့မဟုတ် သင်္ဘော ပိုင်ရှင်သည် အလုပ်မှမဟုတ်သော ဖျားနာမှု၊ အန္တရာယ် ဖြစ်မှု၊ မသန်စွမ်းမှု သို့မဟုတ် သေဆုံးမှုတို့ ကြောင့် ဝင်ငွေ ဆုံးရှုံးသွားမှု ဖြစ်ရပ်တွင် အလုပ်သမားများ အတွက် အာမခံပေးဆောင်ရမည်ဟု ဖော်ပြထားသည်။

သင်္ဘောပိုင်ရှင်နှင့် အလုပ်သမားသည် အလုပ်ရှင်မှ ဝယ်ယူထားသော ပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာန လက်အောက်ရှိ ကျန်းမာရေးအာမခံတွင် ပါဝင်ရန် သို့မဟုတ် သေဆုံး၊ အလုပ်လက်မဲ့နှင့် မသန်စွမ်းမှု အပါအဝင် ထပ်ဆောင်း လူမှုကာကွယ် စောင့်ရှောက်ရေး အတွက်  လူမှုဖူလုံရေး အစီအစဉ်မှ တစ်ဆင့် မှတ်ပုံတင်ခြင်းဖြင့် သို့မဟုတ် ပုဂ္ဂလိကအာမခံ ကုမ္ပဏီများ မှ တဆင့် ဤအကျိုး ခံစားခွင့်များအတွက် အလုပ်သမား များအား အာမခံပေးခြင်း တခုခုဖြင့် ကျန်းမာရေး အကျိုး ခံစားခွင့်နှင့် ပတ်သတ်ပြီး သဘောတူညီနိုင်ကြသည်။